**ရက်စက်ကြမ်းကြုတ်မှုများ ရပ်တန့်နိုင်စေရေး ဆုံးဖြတ်ချက်ပြတ်သားခိုင်မာပြီး ညီညွတ်သော ဆောင်ရွက်မှုပြုလုပ်ရန် မြန်မာနိုင်ငံ ကုလသမဂ္ဂ လူ့အခွင့်အရေး ကျွမ်းကျင်သူ တိုက်တွန်း၍ အစီရင်ခံစာ ထုတ်ပြန်**

ဂျီနီဗာမြို့ မတ်လ ၄ ရက်၊ ၂၀၂၁ ခုနှစ်

မြန်မာနိုင်ငံရှိ စစ်အစိုးရသည် တရားမဝင်အာဏာသိမ်းခြင်းဖြစ်ကြောင်း၊ တရားမဝင် အာဏာသိမ်းအစိုးရဖြစ်ကြောင်း နှင့် အကြမ်းမဖက်၊ ငြိမ်းချမ်းစွာ ဆန္ဒပြသူများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများ စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်မှုများအတွက် တာဝန်ရှိပြီး တာဝန်ခံရမည်ဟု ကုလသမဂ္ဂ လူ့အခွင့်အရေး ကျွမ်းကျင်သူမှ ပြောကြားလိုက်သည်။

မြန်မာစစ်တပ်သည် ပြည်သူ့အစိုးရအား တရားမဝင် ဖြုတ်ချခဲ့ပြီး မြန်မာပြည်သူပြည်သားများအား သတ်ဖြတ်ခြင်း၊ တိုက်ခိုက်ခြင်း၊ တရားမဝင် ဖမ်းဆီးခေါ်ဆောင်ခြင်း စသဖြင့် လုပ်ဆောင်နေကြောင်း မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် Tom Andrews ၏ယနေ့ လူ့အခွင့်အရေးကောင်စီကို တင်သွင်းသော အစီရင်ခံစာတွင် အသေးစိတ် ဖော်ပြထားသည်။

စစ်အစိုးရသည် မြန်မာပြည်သူပြည်သားများ၏ လွတ်လပ်စွာ ထုတ်ဖော်ခွင့်၊ စုစည်းခွင့်၊ စုရုံးခွင့်၊ ကိုယ်ပိုင်လွတ်လပ်ခွင့်စသဖြင့် အခြေခံကျသော ဥပဒေဆိုင်ရာ ကာကွယ်မှုများအား တရားမဝင် စနစ်တကျ ဖျက်သိမ်းခဲ့သည်။ ထို့အပြင် အာဏာသိမ်းသည့်အချိန်မှ စ၍ ယခုချိန်အထိ ထောင်ပေါင်းမြောက်များစွာသော တိုင်းရင်းသားမျိုးနွယ်စုများအား အတင်းဓမ္မ ပြောင်းရွှေ့စေခဲ့သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

ယမန်နေ့က ငြိမ်းချမ်းစွာ ဆန္ဒပြသူများအနက် အနည်းဆုံး ၃၈ ယောက်အား သတ်ဖြတ်ခြင်းအပြင်၊ ရဲနှင့် စစ်တပ်မှ ငြိမ်းချမ်းစွာ ဆန္ဒပြသူများအား နှိမ်နင်းခြင်းလုပ်ဆောင်နေမှုများကို ပြင်းထန်စွာ အရေးယူဆောင်ရွက်ရန် လိုအပ်သည်ဟု Andrew မှ ပြောကြားသည်။

"တရားမျှတမှု၊ လူ့အခွင့်အရေး၊ ဒီမိုကရေစီအတွက် ရပ်တည်သော၊ တရားမဝင် အာဏာသိမ်းစစ်အစိုးရလက်မှ မိမိတို့နိုင်ငံအား ကာကွယ်နေသော ငြိမ်းချမ်းစွာ ဆန္ဒပြသူများအား နေ့စဉ်နှင့်အမျှ စစ်တပ်သည်  ပိုမို ကြမ်းကြုတ်ရက်စက်စွာ နှိမ်နင်းနေသည်။"

“မြန်မာနိုင်ငံ၏အနာဂတ်အား မြန်မာနိုင်ငံသားများတွင် ဆုံးဖြတ်နိုင်ခွင့်ရှိပြီး၊ နိုင်ငံတကာအသိုင်းအဝိုင်းမှ အရေးတကြီး ဝိုင်းဝန်းကူညီ ရမည်”

“သောကြာနေ့တွင် လုံခြုံရေးကောင်စီအစည်းအဝေး၌ မြန်မာနိုင်ငံအရေးဆွေးနွေးမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် မြင်တွေ့နေရသော ရက်စက်ကြမ်းကြုတ်မှုများအား ထည့်သွင်းစဉ်းစားရန် တိုက်တွန်းလိုသည်။ ကမ္ဘာတစ်ဝှန်းလုံး လက်နက်ပိတ်ဆို့မှု ပြုလုပ်ရန်၊ ပတ်မှတ်ထားသော ပိတ်ဆို့မှုများပြုလုပ်ရန်၊ တိုင်းရင်းသားအုပ်စုများပေါ်တွင် နှစ်ပေါင်းများစွာ ချိုးဖောက်လာသော ခက်ထန်ကြမ်းကြုတ်သော ရာဇဝတ်မှုများနှင့် ဖေဖော်ရီလ ၁ရက်နေ့ မှစတင်၍ယနေ့ချိန်ထိ ချိုးဖောက်ထားသော ရာဇဝတ်မှုများအတွက် စစ်တပ်အား နိုင်ငံတကာစစ်ရာဇဝတ်မှုခုံရုံးအား လွှဲပြောင်းရန် ကောင်စီအား တိုက်တွန်းလိုက်သည်။”

မတ်လ ၁၁ရက်နေ့တွင် လုံခြုံရေးကောင်စီသို့တင်ပြမည့် အစီရင်ခံစာပူးတွဲတွင်လည်း အာဏာသိမ်းမှု မတိုင်ခင် လူ့အခွင့်အရေးချိုးဖောက်မှုများအားလည်း  အသေးစိတ် ဖော်ပြသွားမည်။ ၂၀၂၀ နှစ်တစ်ခုလုံးတွင် မြန်မာစစ်တပ်မှ ရိုဟင်ဂျာ လူမျိုးစုများအား ထပ်မံ သတ်ဖြတ်ခြင်း၊ တိုက်ခိုက်ခြင်း၊ နှိပ်စက်ညှင်းပန်းခြင်း၊ ရိုဟင်ဂျာ အရပ်သားများအပေါ် လက်လွတ်စပယ် ပစ်ခတ်ခြင်း၊ စသည်တို့အပြင် ညီမျှမှုရှိသော နိုင်ငံသားအခွင့်အရေးများအား ဆက်တိုက်ငြင်းဆိုခြင်း စသဖြင့် နိုင်ငံတကာ တရားမျှတမှု ခုံရုံးမှ ထုတ်ပြန်ထားသော ရိုဟင်ဂျာများ အားကာကွယ်ရန် တာဝန်များကို ချိုးဖျောက်ခဲ့ကြောင်း ဖော်ပြထားသည်။

ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများအနေနှင့် မြန်မာပြည်၏စစ်ဗိုလ်ချုပ်များထံ လက်နက်ခဲယမ်းများ၊ လုံခြုံရေးနှင့် စောင့်ကြည့်ရေး ကိရိယာများ ရောက်ရှိမသွားရန် ရပ်တန့်နိုင်ပါသည် ဟု Andrew မှ ပြောကြားသည်။ မြန်မာ့စစ်တပ်အပေါ်တွင် နိုင်ငံပေါင်း ၄၁ နိုင်ငံမှ လက်နက်ပိတ်ဆို့မှု အချို့ပြုလုပ်နေပြီဖြစ်သည်။ ဤသို့လုပ်ဆောင်သောနိုင်ငံများအရေအတွက် တိုးပွားလာသင့်ပြီး အစိုးရများအနေဖြင့် လက်နက်ရောင်းချမှု ရပ်တန့်ရန်နှင့် နည်းပညာများ လွှဲပြောင်းခြင်း စသဖြင့်တို့ ရပ်တန့်နိုင်ရန် အတူအတွ ညီညီညွတ်ညွတ် ကြိုးပမ်းသင့်သည်။

လူသားချင်းစာနာထောက်ထားမှုနှင့် တိုးတက်ရေး အလှူရှင်များအနေနှင့်လည်း စစ်အစိုးရလက်အောက် အုပ်ချုပ်မှုစနစ်ဖြင့်စာလျှင်၊ ပြည်သူလူထုများအား တိုက်ရိုက် ထောက်ပံ့မှုပေးနိုင်ရန် ပြည်တွင်းလူမှုအဖွဲ့အစည်းများ၊ ထောက်ပံ့အဖွဲ့အစည်းများနှင့် ဖြစ်နိုင်လျှင် တိုက်ရိုက်ဆက်သွယ်မှု ပြုလုပ်သင့်သည်ဖြစ်သည် ဟု Andrew မှ ပြောကြားသည်။

“နောက်ဆုံးအနေဖြင့် အဖွဲ့ဝင်နိုင်ငံများအား တိုက်တွန်းလိုသည် မှာ စစ်အစိုးရသည် မြန်မာပြည်သူလူထုအား ကိုယ်စားပြုသော တရားဝင်အစိုးရ လုံးဝမဟုတ်သည့်အတွက် တရားဝင်အစိုးရအဖြစ် မသတ်မှတ်ရန် ဖြစ်သည်” ဟုလည်း Andrew မှထပ်မံပြောကြားသည်။

“မြန်မာနိုင်ငံ၏လမ်းမများတစ်လျှောက်တွင် ရဲနှင့် စစ်တပ်မှ မြန်မာပြည်သူလူထုများအား ရက်စက်စွာ သတ်ဖြတ်ခြင်း၊ ရိုက်နှက်ခြင်း ပြုလုပ်နေသော စိတ်ချောက်ခြားဖွယ် ဓာတ်ပုံများ၊ ဗီဒီယိုများအား မြင်ပြီးကြမည်ဖြစ်သည်။ ထိုသို့တိုက်ခိုက်နေသော်လည်း  ဆိုးရွားသောအန္တရာယ်များကြားမှ မတူညီသော၊ သို့သော် အားကောင်းသော လူမျိုးပေါင်းစုံ များ စုပေါင်းညီညာကြပြီး တစ်စုတစ်စည်းတည်း ရပ်တည်ကြသည်ကို တွေ့ရသည်။ ထိုသို့လုပ်ဆောင်ရခြင်းမှာ ဒီမိုကရေစီ ရရှိရေး၊ လူ့အခွင့်အရေးနှင့်၊ စစ်အာဏာရှင် ကျဆုံးရေးတို့ကို တောင်းဆိုနေရခြင်းဖြစ်သည်။ အကြမ်းမဖက်သော ပြည်သူပြည်သားများ အာဏာဖီဆန်မှု လှုပ်ရှားမှု (Civil Disobedience Movement) သည်လည်း ထိရောက်မှုရှိကာ အချိန်နှင့်အမျှအရှိန်ရနေပြီး၊ ခိုင်မာသော၊ တုန်လှုပ်ခြင်းစိုးစဉ်းမရှိသည့် မြန်မာပြည်သူလူထု၏ ဒီမိုကရေစီရယူလိုမှု အင်အားများလည်း ရရှိထားသည်။ ဤအချိန်တွင် စည်းလုံးညီညွတ်ခြင်းအားအကောင်းဆုံးဖြင့် မြန်မာပြည်သူပြည်သားများ မြင်ရခြင်းဖြစ်သည်” ဟု Andrew မှ ပြောကြားသည်။

“သမိုင်းဝင်မည့် မြန်မာပြည်သူပြည်သားများ၏ အားတက်ဖွယ်၊ ချီးကျူးဖွယ် ဦးဆောင် လှုပ်ရှားမှုများ နောက်မှ နိုင်ငံတကာအသိုင်းအဝိုင်းသည် လိုက်၍ လုပ်ဆောင်နိုင်မည်ဟု အမှန်တကယ် မျှော်လင့်မိပါသည်။ တရားမျှတမှု၊ ဂုဏ်သိက္ခာ၊ လူ့အခွင့်အရေးများ မှန်ကန်စွာ ထွက်ပေါ်အနိုင်ယူရမည်ဟုလည်း အမှန်တကယ်မျှော်လင့်မိပါသည်။”